FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# သစ်သားကိုယ်ထည်စည်းမျဉ်းများ

၁။ ဤအာမခံသည် အောက်ပါများကြောင့်ဖြစ်ပေါ်သော အာမခံထားသည့် ရေယာဉ် (အကယ်အစစ် သို့မဟုတ် ပြုပြင်ခြင်း) လုံးဝဆုံးရှုံးခြင်းကိုသာ အာမခံသည်။

(က) ပင်လယ်များ၊ မြစ်များ၊ ရေကန်များ သို့မဟုတ် ရေယာဉ်ခုတ်မောင်းနိုင်သော ရေများ၏အန္တရာယ်များ

(ခ) မီး၊ ပေါက်ကွဲခြင်း နှင့်

(ဂ) ကပ္ပတိန်၊ အရာရှိများ သို့မဟုတ် သင်္ဘောသားများ ထကြွ မတရားဆောင်ရွက်ခြင်း (လုံးဝဆုံးရှုံးခြင်းကို အောက် အမှတ်စဉ် ၆ ၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်)

၂။ အာမခံထားရှိသောရေယာဉ်သည် ခရီးစဉ်အတွင်း ပင်လယ်၌ ခုတ်မောင်းနိုင်စွမ်း ရှိရမည်ဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြည်တွင်းရေလမ်းများ၊ မြစ်များ၊ ရေကန်များ သို့မဟုတ် အခြားခုတ်မောင်းနိုင်သည့် ရေများတွင် ခုတ်မောင်းနိုင်သော လိုင်စင်ရှိရမည်ဖြစ်ကာ လျော်ကြေးတစ်ရပ်ပေါ်ပေါက်စေသည့် အဖြစ်အပျက်သည် ထိုရေများ၌ဖြစ်ပွားရမည်။

၃။ ဆုံးရှုံးမှုတစုံတရာပေါ်ပေါက်ပါက အာမခံထားရှိသည့် ရေယာဉ်လုံးဝမဆုံးရှုံးစေရန်အတွက် လိုအပ်သော ကျိုးကြောင်းခိုင်လုံဆီလျော်သည့် လုပ်ရပ်များကို ဆောင်ရွက်ရန်မှာ အာမခံထားသူ၏ တာဝန်ဖြစ်သည်။ ထိုကဲ့သို့ လုံးဝဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ကြိုးစားဆောင်ရွက်ရာ၌ စနစ်တကျ ကျိုးကြောင်းခိုင်လုံစွာ အာမခံထားသူ ကုန်ကျခဲ့သော စရိတ်များသို့ အာမခံကုမ္ပဏီက ထည့်ဝင်မည်ဖြစ်သည်။ ဆုံးရှုံးမှုဖြစ်ချိန်တွင် အကယ်၍ ရေယာဉ်ကို အာမခံလျော့ထားခဲ့လျှင် အာမခံကုမ္ပဏီ ကပေးလျော်မည့် တန်ဘိုးကို အာမခံလျော့ထားခဲ့ခြင်းနှင့်အညီ အချိုးကျ လျော့ချရမည်ဖြစ်သည်။

၄။ အထက်အမှတ်စဉ် '၃' နှင့်အညီ အာမခံကုမ္ပဏီကပေးသည့်တန်ဘိုးသည် လျော်ကြေး၏ အာမခံထားငွေ သို့မဟုတ် လျော်ကြေး၏လျော့ချထားသောတန်ဖိုးအပြင် ပေးသည့်တခုတည်းသောငွေဖြစ်ပြီး ယင်းသည် မည်သည့် အခြေအနေတွင်မဆို အာမခံထားငွေထက်မပိုမိုရ။

၅။ လုံးဝဆုံးရှုံးမှုလျော်ကြေးတရပ်ကို ပေးလျော်ပြီးပါက ပစ္စည်းပျက် (Salvage) ရှိခဲ့လျှင်၊ ၎င်းကို အာမခံကုမ္ပဏီက ပိုင်ဆိုင်သည်။ ၎င်းကို သိမ်းယူမည်/မသိမ်းယူမည်မှာ အာမခံကုမ္ပဏီ၏ သဘောထားအတိုင်းဖြစ်သည်။

၆။ လုံးဝဆုံးရှုံးမှုကိုအဓိပ္ပာယ်ဖွင့်ဆိုခြင်း

အာမခံထားသောရေယာဉ်သည် အာမခံထားခဲ့သည့် အမျိုးအစားတစ်ခု မဖြစ်နိုင်လောက်အောင် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်လျှင်သော်လည်းကောင်း၊ အာမခံထားသူသည် ထိုရေယာဉ် ပြန်မရနိုင်လောက်အောင် ဆုံးရှုံးရလျှင်သော်လည်းကောင်း ယင်းမှာ အကယ်အစစ် လုံးဝဆုံးရှုံးမှုဖြစ်သည်။

အကယ်၍ အာမခံထားရှိသော ရေယာဉ်ကို ကယ်ဆယ် သို့မဟုတ် ဆယ်ယူရန်အတွက် ကုန်ကျမည့် စရိတ်မှာ ထိုရေယာဉ် ကို ကယ်ဆယ်/ဆယ်ယူပြီး ထိုစရိတ်ကုန်ကျပြီးနောက် ထိုရေယာဉ်တန်ဖိုး၏ အနည်းဆုံး ၉၀ ရာခိုင်နှုန်းဖြစ်လျှင် ယင်းမှာ ပြုပြင်ခြင်းလုံးဝဆုံးရှုံးမှု ဖြစ်သည်။



CALL CENTER 01-9010900